October 5, 2019 VOL. 1/ No. 6

# Scholarship Announcements

## Special Monthly Newsletter

## IN THIS ISSUE

Cambridge English ရဲ့ Free English Test

................................

အီတလီနိုင်ငံရှိ နာမည်ကျော်ထိပ်တန်း တက္ကသိုလ်ကြီးများ

................................

IELTS Writing Sample Test



................................

အလွယ်ကူဆုံးနဲ့ အမြန်ဆုံး မှတ်မိနိုင်မယ့် အလွတ်ကျက်နည်းများ

## စာညွှန်း

Pershing Square Foundation အနေနဲ့ University of Oxford ရဲ့ Said Business School မှာ Master နဲ့ MBA နှစ်ခုတွဲဖက်သင်ကြားလို့ရမယ့် 1+1 MBA အတွက် နှစ်စဉ်... စာမျက်နှာ ၃

...........................................

ဒီပညာသင်ဆုကိုတော့ Dutch Ministry of Education, Culture and Science က ထောက်ပံ့ပေးပြီး Holland Scholarship လို့ခေါ် ပါတယ်။ European Economic Area (EEA) အပြင်ဘက်နိုင်ငံတွေက ကျောင်းသား၊ ကျောင်း သူတွေကို ထောက်ပံ့ပေးနေတဲ့ ပညာသင်ဆု အစီအစဉ်ဖြစ်ပြီး နှစ်စဉ်လျှောက်လွှာ ပိတ်ရက်တော့ 1 February နဲ့ 1 May တို့ပဲဖြစ်ပါတယ်။
စာမျက်နှာ ၄

...........................................

ဥရောပဘက်မှာ ပညာသင်ဆုနဲ့ ကျောင်းသွားတက်ချင်တဲ့သူတွေအတွက် ဂျာမနီ၊ ပြင်သစ်လိုပဲ အီတလီနိုင်ငံကလည်း နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူတွေအတွက် ပညာသင်ဆုအစီအစဉ်တွေ အများကြီး ရှိပါတယ်။ စာမျက်နှာ ၂

October 5, 2019 VOL. 1/No. 6

Scholarship Announcements

Special Monthly Newsletter

# အီတလီနိုင်ငံက ထိပ်တန်းတက္ကသိုလ်များ

Written by Scholarship Announcments

ဥရောပဘက်မှာ ပညာသင်ဆုနဲ့ကျောင်းသွားတက်ချင်တဲ့သူတွေအတွက် ဂျာမနီ၊ ပြင်သစ်လိုပဲ အီတလီနိုင်ငံကလည်း နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူတွေအတွက် ပညာသင်ဆုအစီအစဉ်တွေ အများကြီး ရှိပါတယ်။

ပညာရေးအဆင့်တန်းမြင့်မားပြီး မတူညီတဲ့ဒေသတွေ၊ ယဉ်ကျေးမှုတွေကိုလေ့လာရင်း ပညာသင်ချင်သူတွေအတွက် ဒီလမှာ ရွေးချယ်ထားတဲ့တက္ကသိုလ်တွေကတော့ အီတလီနိုင်ငံရှိ ထိပ်တန်းတက္ကသိုလ်အချို့ပဲ ဖြစ်ပါတယ်။

## Sant’Anna School of Advanced Studies

အစိုးရတက္ကသိုလ်ကြီးဖြစ်တဲ့ Sant’Anna School of Advanced Studies က Applied sciences ကိုအဓိကသင်ကြားတဲ့ တက္ကသိုလ်ဖြစ်ပြီး Pisa မှာ တည်ရှိပါတယ်။ ဝင်ခွင့်သတ်မှတ်ချက်မြင့်မားလို့ ထူးချွန်ကျောင်းသားတွေချည်းပဲ တက်ရောက်ခွင့်ရကြတာများပါတယ်။ အမှတ်တွေလည်းကောင်းတယ် ဘာသာစကားနှစ်မျိုးလည်းတတ်ကျွမ်းတဲ့ ကျောင်းသား၊ ကျောင်းသူတွေဆိုရင် ပညာသင်ဆုရရှိနိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ ကျောင်းသား ဦးရေ တစ်ထောင်အောက်ပဲရှိပေမယ့် Business sciences ၊ Legal sciences ၊ Agricultural sciences စတဲ့ Applied sciences ဘာသာရပ်တော်တော်များများကို သင်ကြားပေးပါတယ်။

## University of Bologna

Oxford ထပ်ရှေးကျတဲ့ ကမ္ဘာ့ပထမဆုံး တက္ကသိုလ်ကြီးဖြစ်တဲ့ University of Bologna ကို ၁၀၈၈ ကတည်ထောင်ခဲ့ပြီး ပြည်တွင်းပြည်ပ Campus ပေါင်းများစွာနဲ့ အီတလီရဲ့ ထိပ်တန်းတက္ကသိုလ်ကြီးဖြစ်ပါတယ်။ ကမ္ဘာကျော် ကျောင်းသားဟောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့တဲ့ University of Bologna က အခြားသော ဥရောပ ပညာရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပညာရေးအဆင့်တန်းမြှင့်တင်မှုတွေ ပြုလုပ်လျက်လည်းရှိပါတယ်။

## Scuola Normale Superiore di Pisa

Pisa University System ထဲက နောက်ထပ်ကျောင်းတစ်ကျောင်းကတော့ Scuola Normale Superiore di Pisa ပါ။ ၁၈၁၀ က တည်ထောင်တဲ့ တက္ကသိုလ်ဖြစ်ပြီး ပြင်သစ်က École Normale Supérieure အခွဲလည်း ဖြစ်ပါတယ်။ သူ့မှာတော့ Sciences အပြင် humanities ဘာသာရပ်တွေကိုလည်း စုံစုံလင်လင် လျှောက်ထားလို့ရပါတယ်။

October 5, 2019 VOL. 1/No. 6

# Scholarship Announcements

## Special Monthly Newsletter

---

### University of Padua

ကမ္ဘာ့သက်တမ်းအရင့်ဆုံးတက္ကသိုလ်တွေထဲက ၅ ခုမြောက်တက္ကသိုလ် University of Padua က စတင်တည်ထောင်တုန်းကတော့ ဥပဒေအထူးပြုတက္ကသိုလ် ဖြစ်ပေမယ့် အခုချိန်မှာတော့ ဘာသာရပ်ပေါင်းများစွာကို ရွေးချယ်လျှောက်ထားလို့ရပါပြီ။ Department ပေါင်း (၃၂) ခုနှင့် School ပေါင်း (၈) ခုရှိပြီး တက္ကသိုလ်ဆေးရုံ ၊ ပြတိုက်နဲ့ ကျောင်းသားဆောင်တွေလည်းပါတဲ့ တက္ကသိုလ်အင်္ဂါရပ်အားလုံးနဲ့ ပြည့်စုံတဲ့ နိုင်ငံတကာ တက္ကသိုလ်ကြီးဖြစ်ပါတယ်။



### Vita-Salute San Raffaele University

အီတလီရဲ့နာမည်ကျော်မြို့တော် မီလန်မှာတည်ရှိတဲ့ Vita-Salute San Raffaele University က Medicine ၊ Philosophy နဲ့ စိတ်ပညာဘာသာရပ်တွေနဲ့ပတ်သက်ပြီး နာမည်ကျော်ကြားတဲ့ တက္ကသိုလ်ကြီးတစ်ခုဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်ကမှ တည်ထောင်ပေမယ့် အချိန်တိုအတွင်း အောင်မြင်လာတဲ့ အီတလီရဲ့ဂုဏ်ထူးဆောင်တက္ကသိုလ်တစ်ခုဖြစ်ပါတယ်။

### Scholar Info

**Oxford တက္ကသိုလ်မှာ သင်ကြားခွင့်ရမယ့် Pershing Square Foundation ပညာသင်ဆု**

Pershing Square Foundation အနေနဲ့ University of Oxford ရဲ့ Said Business School မှာ Master နဲ့ MBA နှစ်ခုတွဲဖက်သင်ကြားလို့ရမယ့် 1+1 MBA အတွက် နှစ်စဉ် Full Scholarship (၅) ဦးစီရွေးချယ်ပြီး ပညာသင်ဆုတွေ ထောက်ပံ့ပေးလျက်ရှိပါတယ်။

ဒီပညာသင်ဆုအတွက် လျှောက်ထားမယ့်သူတွေက ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလနောက်ဆုံးပေးပို့လျှောက်ထားဖို့လိုအပ်ပြီး ဒီနှစ်အတွက်ကတော့ နိုင်ငံစုံကကျောင်းသား၊ ကျောင်းသူတွေထဲက (၆) ဦးကို ထောက်ပံ့ပေးသွားမယ်လို့သိရပါတယ်။

လျှောက်ထားလိုသူတွေအနေနဲ့ အသေးစိတ်သိရှိလိုတာတွေကို https://www.sbs.ox.ac.uk/oxford-experience/scholarships-and-funding/oxford-pershing-square-scholarship မှာ ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါတယ်။

October 5, 2019 VOL. 1/No. 6

# Scholarship Announcements

Scholar Info

## စင်ကာပူနိုင်ငံမှာ ပညာသင်ကြားခွင့်ရမယ့် AUS ပညာသင်ဆု

စင်ကာပူ Singapore University of Technology and Design က PR သမားတွေအတွက် ထောက်ပံ့ပေးတဲ့ ပညာသင်ဆုအစီအစဉ်လေး ရှိပါတယ်။ လျှောက်ထားမယ့် သူတွေအနေနဲ့ Singapore-Cambridge GCE A Level ကို ထူးချွန်စွာအောင်မြင်ထား သူဖြစ်ဖို့လိုသလို Good Leadership Skill ရှိသူ တွေကို ဦးစားပေးမယ်လို့ သိရပါတယ်။

ပညာသင်ဆုရရှိသူတွေကတော့ စာသင်နှစ် တစ်နှစ်ကို Living allowance အနေနဲ့ အမေရိကန်ဒေါ်လာ ၅၈၀၀ ရရှိမှာဖြစ်ပြီး (၄) နှစ် စာလုံးအတွက် Tuition fee လည်း ရရှိမှာ ဖြစ်ပါတယ်။

အသေးစိတ် ထပ်မံသိရှိလိုတာရှိရင်တော့ https://www.sutd.edu.sg/Admissions/Undergraduate/Scholarship/Application-for-scholarships/ASEAN-Undergraduate-Scholarship နဲ့ https://www.sutd.edu.sg/Admissions/Undergraduate ကို ဝင်ရောက်လေ့ လာနိုင်ပါတယ်။

## Holland အစိုးရပညာသင်ဆု

ဒီပညာသင်ဆုကိုတော့ Dutch Ministry of Education, Culture and Science က ထောက်ပံ့ပေးပြီး Holland Scholarship လို့ခေါ် ပါတယ်။ European Economic Area (EEA) အပြင်ဘက်နိုင်ငံတွေက ကျောင်းသား၊ ကျောင်းသူတွေကို ထောက်ပံ့ပေးနေတဲ့ ပညာသင်ဆု အစီအစဉ်ဖြစ်ပြီး နှစ်စဉ်လျှောက်လွှာပိတ်ရက်တော့ 1 February နဲ့ 1 May တို့ပဲဖြစ်ပါတယ်။

လျှောက်ထားမယ့်သူတွေက Dutch Higher Education လက်အောက်က တက္ကသိုလ်တစ်ခုခုမှာ Bachelor ဒါမှမဟုတ် Master ဝင်ခွင့်ရ ရှိပြီးသူဖြစ်ရပါမယ်။ နောက်သတ်မှတ်ချက်တစ်ခု ကတော့ ဒီပညာသင်ဆု လျှောက်ထားသူတွေ အရင်က နယ်သာလန်နိုင်ငံမှာ တစ်ခါမှပညာသွား ရောက်မသင်ဖူးသူ ဖြစ်ရပါမယ်။

ဒီသတ်မှတ်ချက်တွေအားလုံး ပြည့်စုံတယ် ဆိုရင်တော့ လျှောက်လွှာပေးပို့ရမယ့် အဆင့် ဆင့်နဲ့ အသေးစိတ်အချက်အလက်တွေကို http://www.studyinholland.nl/scholarships/holland-scholarship နဲ့ ဝင်ရောက်လေ့ လာနိုင်ပါပြီ။

WHEN EDUCATING THE MINDS OF OUR YOUTH, WE MUST NOT FORGET TO EDUCATE THEIR HEARTS.

DALAI LAMA

October 5, 2019 VOL. 1/No. 6

# Scholarship Announcements


## Special Monthly Newsletter

## IELTS Writing Test

### Task 1

You should spend about 20 minutes on this task.

The graph below shows population figures for India and China since the year 2000 and predicted population growth up until 2050.




Summarise the information by selecting and reporting the main features, and make comparisons where relevant.

Write at least 150 words.

### Task 2

Write about the following topic:

Genetic engineering is a dangerous trend. It should be limited.

To what extent do you agree?

Give reasons for your answer and include any relevant examples from your own knowledge or experience.

Write at least 250 words.

October 5, 2019 VOL. 1/No. 6

Scholarship Announcements
Special Monthly Newsletter

## အလွယ်ကူဆုံးနဲ့ အမြန်ဆုံး အလွတ်ကျက်နည်းများ

Written by Scholarship Announcements

ဒီနည်းလမ်းတွေမစခင် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပုံစံနဲ့လေ့လာတာ အမြန်ဆုံးလဲဆိုတာသိထားရင် ပိုကောင်းပါတယ်။ ဥပမာ အသံနဲ့နားထောင်ပြီးမှတ်သားရင်ပိုမြန်တာလား၊ မျက်လုံးအမြင်နဲ့ မှတ်သားတတ်တဲ့သူလား ဒါမှမဟုတ် လက်တွေ့လေ့လာတဲ့သူလား ကိုယ့်ကိုယ်ကိုယ်သိထားရင် အခုပြောမယ့် နည်းလမ်းတွေထဲက ကိုယ်အဆင်ပြေနိုင်မယ့်နည်းတွေကို ရွေးချယ်လို့ရပါတယ်။

စာကျက်တဲ့အခါပဲဖြစ်ဖြစ် ၊ ဘာသာစကားအသစ်တွေကို လေ့လာတဲ့နေရာပဲဖြစ်ဖြစ် စာလုံးတွေကို အလွတ်ကျက်မှတ်တဲ့အခါ ပြန်ပြန်မေ့သွားတတ်လို့ အဆင်မပြေဖြစ်နေတဲ့သူတွေအတွက် အလွယ်ကူဆုံး အလွတ်ကျက်မှတ်ပုံအဆင့်ဆင့်ကို ပြန်လည်စုစည်းဖော်ပြပေးလိုက်ပါတယ်။

### အဆင့် (၁) ပြင်ဆင်မှု

ပြင်ဆင်မှုအပိုင်းမှာပါမှာက ကိုယ်စာကျက်မယ့် နေရာရွေးတာပါ။ ဆူညံတဲ့ပတ်ဝန်းကျင်မှာ စာကျက်တတ်လား ၊ ဘေးနားမှာ လူရှိရင်စာမကျက်တတ်တာလား။ စာကျက်တော့မယ်ဆိုတာနဲ့ ကိုယ်နဲ့အဆင်ပြေမယ့် နေရာကို အရင်ဆုံးရှာထားပါ။ ပြီးရင် အကြံပေးချင်တာက Tea တစ်ခုခုသောက်ပါ။ အသက်ရွယ်ရလာတာနဲ့အမျှ မှတ်ဉာဏ်အားကလည်း တဖြည်းဖြည်းကျလာတာမို့ Green Tea က မှတ်ဉာဏ်စွမ်းအားကို မြှင့်တင်ပေးတာမို့ စာကျက်နေရင်း Tea တစ်ခုခုသောက်ပြီး စိတ်အပန်း ဖြေလို့ရပါတယ်။

### အဆင့် (၂) ကိုယ်ကျက်မှတ်နေတဲ့အချိန်မှာ Record ယူထားပါ

အသံပဲဖြစ်ဖြစ် ကိုယ်အသံထွက်ကျက်မှတ်နေချိန်မှာ စကားပြောနေချိန်မှာ အသံဖမ်းထားပြီး ပြန်နားထောင်ကြည့်ပေးပါ။ ဒါမျိုးနည်းလမ်းက မိန့်ခွန်းတွေ၊ စကားပြောစကားပြောတွေကို ပိုပြီးမှတ်မိစေပါတယ်။ ကျောင်းသားတွေအတွက်လည်း တချို့ဘာသာရပ်တွေအတွက် အသုံးတည့်မယ်ထင်ပါတယ်။

### အဆင့် (၃) ချရေးမှတ်ထားပါ

စာကျက်ပြီးတဲ့အချိန်မှာ ကိုယ်ပြန်မှတ်မိသလောက်ပြန်ချမှတ်ပြီးရေးကြည့်ပါ။ ပြီးတော့မှ ကိုယ်မမှတ်မိတဲ့အပိုင်း ၊ လွဲနေတဲ့အပိုင်းတွေကို ပြန်စစ်ကြည့်ပြီး ကျက်ကြည့်ပါ။ အခေါက်ခေါက် အခါခါ ပြန်မှတ် ပြန်ရေးကျက်ရင် အဲ့ဒီအကြောင်းအရာကို မမေ့တော့ပါဘူး။



October 5, 2019 VOL. 1/No. 6

# Scholarship Announcements

Special Monthly Newsletter

### အဆင့် (၄) Notes တွေကို သီးသန့်ခွဲထားပါ

ဒီနည်းလမ်းက အမြင်နဲ့မှတ်သားတတ်တဲ့သူတွေအတွက် အသင့်တော်ဆုံးနည်းလမ်းပါ။ ဘယ်လိုမျိုးလဲဆိုတော့ ကိုယ်ကျက်မယ့်ဘာသာရပ်ရဲ့ Notes တွေကို ကဏ္ဍအလိုက်သီးသန့်စီခွဲထားပြီး ချရေးထားပါ။ Highlight သုံးပြီး မှတ်ချင်လည်း မှတ်ထားလို့ရပါတယ်။ ပြီးရင် ကိုယ်ခွဲထားတဲ့ Note တစ်ခုချင်းစီကို ခွဲကျက်ပြီး နောက်ဆုံးမှာအားလုံး ပြန်ပေါင်းကျက်ကြည့်လိုက်ပါ။

### အဆင့် (၅) ထပ်ခါထပ်ခါရွတ်ဆိုပါ

ဒါက အသံနဲ့ကျက်တတ်တဲ့ သူတွေအတွက်သာမကဘဲ အမြင်နဲ့မှကျက်တတ်တဲ့သူတွေလည်း သုံးလို့ရတဲ့နည်းလမ်းပါ။ နည်းလမ်းက စာကြောင်းတစ်ကြောင်းချင်းစီကို ထပ်ခါထပ်ခါစိတ်ထဲစွဲနေတဲ့အထိ အသံထွက်ဖတ်ကြည့်ပြီးပဲဖြစ်ဖြစ်၊ ချရေးပြီးပဲဖြစ်ဖြစ် ကျက်မှတ်တာပါ။

### အဆင့် (၆) ကိုယ့်ကိုယ်ကိုယ် ပြန်သင်ပါ

ကျောင်းသားတွေအတွက် အကောင်းဆုံး နည်းလမ်းတစ်ခုက ကိုယ်သိတာကို ကိုယ့်သူငယ်ချင်းတွေ၊ အတန်းဖော်တွေကို ပြန်ရှင်းပြပေးပါတာ။ ဒါမျိုးက စာအထူးတလည်ကျက်စရာမလိုဘဲ မှတ်မိအလွယ်ဆုံးစာကျက်နည်းလမ်းတစ်ခုပါ။ နောက်ဆုံး ကိုယ့်သူငယ်ချင်းတွေကိုပြန်ရှင်းပြလို့မရဘူးဆိုရင်

### အဆင့် (၇) ခဏတဖြုတ်နားပါ

၃ နာရီ၊ ၄ နာရီလောက်တောက် လျှောက်လေ့လာမယ့်အစား ၂ နာရီခြားတစ်ခါ ခဏတဖြုတ်နားပြီး လေ့လာတာက ဦးနှောက်ကိုပိုပြီး အနားပေးသလို ဖြစ်တဲ့အတွက် စာကျက်တဲ့အချိန်မှာလည်း ပိုပြီးထိရောက်မှုရှိစေပါတယ်။ ဒါကြောင့်မို့ စာကျက်တဲ့အခါ Time management လုပ်တတ်ဖို့ကလည်း အရေးကြီးပါတယ်။

Ref: wikihow

### Asia University Ranking

1. National University of Singapore
2. Tsinghua University
3. HK University of Science and Technology
4. University of Hong Kong
5. Peking University
6. Nanyang Technological University SG
7. Chinese University of Hong Kong
8. The University of Tokyo



US News & World Report

Learning

October 5, 2019 VOL. 1/No. 6

## Cambridge English ရဲ့ Free English Test

Written by Scholarship Announcements

Cambridge Assessment English

ကိုယ့်ရဲ့အင်္ဂလိပ်စာအရည်အချင်းကို စစ်ဆေးဖို့ အခုထိသင်တန်းတွေသွားနေရတုန်းပဲလား။ ဘာသာစကားတစ်ခုလေ့လာဖို့ဆိုတာ ကိုယ်တိုင်အားထုတ်ပြင်ဆင်မှုမရှိဘဲ ဈေးဘယ်လောက်ကြီးတဲ့ အင်္ဂလိပ်စာသင်တန်းပဲသွားသွား ဘာမှမထူးခြားသွားပါဘူး။

ကိုယ့်ရဲ့အင်္ဂလိပ်စာအရည်အချင်းကို ကိုယ်တိုင်သိပြီး ဘယ်အပိုင်းကစပြီး လေ့လာမလဲ။ ဘယ်လိုသင်ခန်းစာတွေကို လေ့လာရမလဲဆိုတာ Cambridge English website မှာကိုယ်တိုင်ဝင်ကြည့်ရုံနဲ့သိနိုင်နေပါပြီ။ သင်တန်းအတွက် အချိန်မပေးနိုင်တဲ့သူတွေ ၊ အင်္ဂလိပ်စာအရည်အချင်းစစ်ချင်သူတွေအတွက်ရည်ရွယ်ပြီး ဒီလမှာတော့ Cambridge English ရဲ့ Free English Test လေးကို ရွေးချယ်လိုက်ပါတယ်။

Link လေးပါ ပူးတွဲဖော်ပြထားတာမို့ ကိုယ်အချိန်ရတဲ့အခါ ဘယ်နေရာပဲ ရောက်ရောက်စစ်ကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။ Reading နဲ့ Listening Test တွေလည်းပါတာမို့ တကယ်လို့ဒီ Test နှစ်ခုဖြေမယ်ဆိုရင် သီးသန့်အချိန်ပေးပြီး သေချာအာရုံစိုက်ဖြေဖို့တော့ အကြံပြုပါတယ်။

https://www.cambridgeenglish.org/exams-and-tests/first/preparation/

